၂၀၂၁ ခုနှစ် ဧပြီလ ၂၁ ရက်

**အာဆီယံ ခေါင်းဆောင်များသို့ အိတ်ဖွင့်ပေးစာ -**
**မြန်မာနိုင်ငံနှင့် အရှေ့တောင်အာရှရှိ အရပ်ဘက်လူထုအဖွဲ့အစည်းများမှ မြန်မာနိုင်ငံဆိုင်ရာ**
**အာဆီယံအထူးထိပ်သီးအစည်းအဝေးသို့ ပေးပို့သောအကြံပြုတိုက်တွန်းချက်များ**

**သို့**
**အရှေ့တောင်အာရှ နိုင်ငံများအသင်း(အာဆီယံ) ၏ အဖွဲ့ဝင်နိုင်ငံ ခေါင်းဆောင်များ**

**လေးစားရပါသောဂုဏ်သရေရှိ လူကြီးမင်းများ ခင်ဗျား/ရှင့်**

၂၀၂၁ ခုနှစ် ဧပြီလ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်မည့် မြန်မာနိုင်ငံဆိုင်ရာ အာဆီယံအထူးထိပ်သီးအစည်းအဝေးနှင့်အညီ အာဆီယံခေါင်းဆောင်များနှင့် အဖွဲ့ဝင်နိုင်ငံများကို မြန်မာနိုင်ငံတွင် ဖြစ်နေသည့် တရားမဝင် ရက်စက်သော အာဏာသိမ်းမှုနှင့် စစ်အုပ်စုက ကျူးလွန်သော ရက်စက်ကြမ်းကြုတ်သည့် ရာဇဝတ်မှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် ကုသသမဂ္ဂ လုံခြုံရေးကောင်စီ၊ ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီ၊ နိုင်ငံတကာ ရာဇဝတ်တရားရုံး (ICC) နှင့် အခြားသက်ဆိုင်ရာ နိုင်ငံတကာအသိုင်းအဝိုင်းများနှင့်အတူ ထိရောက်ခိုင်မာသော မဟာဗျူဟာတစ်ခုကို ပူးတွဲလုပ်ဆောင်ရန် အောက်တွင် လက်မှတ်ရေးထိုးထားသော တစ်သီးပုဂ္ဂလ ၇၄၄ ဦး၊ မြန်မာနိုင်ငံမှ အရပ်ဘက်လူထုအဖွဲ့အစည်း ၄၀၂ ဖွဲ့နှင့် အခြား အရှေ့တောင်အာရှနိုင်ငံများမှ အရပ်ဘက်လူထုအဖွဲ့အစည်း ၄၄၄ ဖွဲ့တို့က တောင်းဆိုလိုက်သည်။

အင်ဒိုနီးရှားနိုင်ငံ သမ္မတ ဂျိုကို ဝီဒိုဒို (Joko Widodo) ၏ အဆိုပြုချက်အပေါ် အခြေခံပြီး မြန်မာနိုင်ငံအတွင်း ငြိမ်းချမ်းစွာ ဆန္ဒပြသူများအပေါ် စစ်အုပ်စုမှ လုပ်ဆောင်သော အကြမ်းဖက် ဖြိုခွဲမှုများနှင့် အရပ်သားများအပေါ် ကြောက်မက်ဖွယ် တိုက်ခိုက်မှုများဖြစ်ပွားခဲ့သည့်နောက်ပိုင်း ပိုမိုဆိုးရွားလာနေသော အခြေအနေများကို ဆွေးနွေးရန်အတွက် အာဆီယံအထူးထိပ်သီးအစည်းအဝေးကို ကျင်းပပြုလုပ်ရန် ဆုံးဖြတ်ချက်ကို မိမိတို့မှ ထောက်ခံကြိုဆိုသည်။ ယင်းဆုံးဖြတ်ချက်သည် အာဆီယံအဖွဲ့ဝင်နိုင်ငံ ခေါင်းဆောင်များမှ ၎င်းတို့၏ အမြင့်ဆုံးအဆင့်မူဝါဒရေးဆွဲချမှတ်သည့်အဖွဲ့ကို အသုံးပြုပြီး မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသော ဆိုးရွားလှသည့် အခြေအနေများကို ကိုင်တွယ်ဖြေရှင်းရန် ကတိကဝတ်ပြုမှုကို ထင်ဟပ်သည့်အပြင် လိုက်နာရမည့်ထုံးတမ်းစဉ်လာဖြစ်လာလိမ့်မည်ဟု မျှော်လင့်ပါသည်။

သို့ရာတွင် မြန်မာနိုင်ငံရှိ အာဏာသိမ်းမှုအပေါ် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ မတူကွဲပြားနေသော ရပ်တည်ချက်များကို ကြည့်ခြင်းအားဖြင့် အာဆီယံထိပ်သီးအစည်းအဝေးမှ မြန်မာနိုင်ငံ၏ အကြပ်အတည်းကို ပြည်တွင်းရေးသာဖြစ်ပြီး “အာဆီယံနည်း” အရ ဝင်ရောက်စွက်ဖက်မှု မပြုခြင်းနှင့် နိုင်ငံ၏ အချုပ်အခြာအာဏာအပေါ် အလွန်အကျွံ လေးစားမှုတို့ကြောင့် အဓိပ္ပါယ်ပြည့်ဝသော အရေးယူ ဆောင်ရွက်မှု လုပ်ဆောင်ခြင်းမှ ရှောင်ကြဉ်သွားမည်ကို မိမိတို့မှ စိုးရိမ်မိပါသည်။

စစ်အုပ်စုမှ မြန်မာပြည်သူများအပေါ် တမင်ရည်ရွယ်သော သတ်ဖြတ်တိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်နေချိန်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား မတူကွဲပြားသော ရပ်တည်ချက်များက အာဆီယံအတွက် ဘုံသဘောတူညီချက် ရရှိရန် အခက်အခဲဖြစ်စေပြီး မရေရာမှုများကို ထွက်ပေါ်စေခြင်းနှင့် အာဆီယံ၏ တုံ့ပြန်မှုများ နှောင့်နှေးကြန့်ကြာနေမှုသည် မိမိတို့အား ဝမ်းနည်း အမြတ်ဒေါသ ဖြစ်စေပါသည်။ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ အလွတ်သဘော အစည်းအဝေး (IAFMM) မှ ထွက်ပေါ်လာသော ရလဒ်များက ဖော်ပြနေသည်မှာ အာဆီယံ၏ တုံ့ပြန်မှုသည် မြန်မာပြည်သူများ၏ ဆန္ဒနှင့် ကိုက်ညီမှု မရှိပေ။ IAFMM အစည်းအဝေး ဥက္ကဌ၏ ကြေညာချက်သည်

စစ်အုပ်စု၏ ရက်စက်ယုတ်မာမှုများကို တိကျစွာ လူသိရှင်ကြား ဝေဖန်ရှုတ်ချခြင်း မရှိသကဲ့သို့ ကုလသမဂ္ဂ လုံခြုံရေးကောင်စီနှင့် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီများနှင့် ပိုမိုအားကောင်းသော ပူးပေါင်းဆောင်ရွက်ရေးအတွက် တောင်းဆို ခဲ့ခြင်းလည်း မရှိပေ။ ထို့အပြင် အာဆီယံသည် စစ်အုပ်စု ခေါင်းဆောင်များနှင့် စီးပွားရေးလုပ်ငန်းများအပေါ် ပစ်မှတ်ထား စီးပွားရေးအရေးယူပိတ်ဆို့မှုများ၊ ကမ္ဘာတစ်ဝှမ်း လက်နက်ခဲယမ်း ပိတ်ဆို့မှု နှင့် မြန်မာနိုင်ငံ အခြေအနေကို နိုင်ငံတကာရာဇဝတ်တရားရုံး (ICC) သို့ လွှဲပြောင်းရေး တောင်းဆိုချက်များအပေါ် ထောက်ခံရေး ၎င်း၏ ကတိကဝတ်ကို ဖော်ပြရန်လည်း ပျက်ကွက်ခဲ့သည်။

လက်ရှိအချိန်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ မတူညီသော အကျိုးစီးပွားနှင့် နိုင်ငံရေးစိတ်ဆန္ဒများ ရှိနေခြင်းကြောင့် မြန်မာနိုင်ငံ၏ အခြေအနေကို ဖြေရှင်းရန် အာဆီယံအထူးထိပ်သီးအစည်းအဝေးမှ လျင်မြန်ပြီး အဓိပ္ပာယ်ပြည့်ဝသော ကြားဝင်ဖြေရှင်းမှုကို မည်သည့်အတိုင်းအတာအထိ ဖော်ဆောင်နိုင်မည် ဆိုသည့်အပေါ် မိမိတို့မှ စိုးရိမ်ပူပန်သည်။ ယခုအချိန်တွင် ဒီမိုကရေစီ ထိန်းသိမ်းရေးအတွက် အာဆီယံ၏ အဓိပ္ပါယ်ပြည့်ဝသော စုပေါင်းအရေးယူဆောင်ရွက်မှုကို လိုအပ်သည်။ လာမည့် ထိပ်သီးအစည်းအဝေးတွင် အာဆီယံ ခေါင်းဆောင်များမှ စစ်အုပ်စုအား မြန်မာနိုင်ငံ၏ တရားဝင်သော ကိုယ်စားလှယ်အဖြစ် သတ်မှတ်ဆက်ဆံရန် ဆုံးဖြတ်ပါက စစ်အုပ်စု၏ ရာဇဝတ်မှုများကို တရားဝင်စေမည်ဖြစ်သဖြင့် အာဆီယံနှင့် မြန်မာပြည်သူတို့၏ ဆက်ဆံရေးကိုသာမက ဒေသတွင်းတစ်ခုလုံး၏ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးလှုပ်ရှားမှု ကိုလည်း ပျက်စီးစေလိမ့်မည်။

ထို့အပြင် အာဆီယံနှင့် ၎င်း၏ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ရွေးကောက်တင်မြှောက်ခံထားရသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၇၆%၊ တိုင်းရင်းသား ခေါင်းဆောင်များ၊ လူထုအာဏာဖီဆန်ရေး လှုပ်ရှားမှုနှင့် အထွေထွေသပိတ်ကော်မတီများဖြင့် ပါဝင်ဖွဲ့စည်းထားသော မြန်မာပြည်သူများ ထောက်ခံ ထားသည့် တရားဝင် ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ခံ မြန်မာနိုင်ငံ၏ အစိုးရဖြစ်သည့် အမျိုးသားညီညွတ်ရေးအစိုးရ၏ တရားဝင်မှုကို အသိအမှတ်ပြုရမည်။ ထို့ကြောင့် အမျိုးသားညီညွတ်ရေး အစိုးရကသာ မြန်မာနိုင်ငံကို ကိုယ်စားပြုရမည်ဖြစ်ပြီး ဆိုးရွားလှသည့်ရက်စက်ကြမ်းကြုတ်မှုများမှတစ်ဆင့် နိုင်ငံကို အပြည့်အဝ ထိန်းချုပ်နိုင်ရန် ကြိုးစားနေသည့် တရားမဝင် စစ်အုပ်စုက မဖြစ်ရပေ။

ဤစာကို အာဆီယံခေါင်းဆောင်များထံ ပေးပို့သည့်အချိန်တွင်ပင် ဆန္ဒပြသူများအပေါ် လုပ်ဆောင်နေသော စစ်အုပ်စု၏ အကြမ်းဖက်မှုများနှင့် သတ်ဖြတ်မှုများသည် လျော့နည်းလာမည့်လက္ခဏာ မရှိဘဲ ဆက်လက်ဖြစ်ပွားနေသည်။ လက်ရှိအချိန်ထိတွင် စစ်အုပ်စုမှ လူဦးရေ ၃,၂၂၉ ဦး မတရားဖမ်းဆီး ထိန်းသိမ်းထားပြီး လူပေါင်း ၇၃၇ ဦးကို သတ်ဖြတ်ခဲ့ကာ ထိုအထဲတွင် အမျိုးသမီး၊ သက်ကြီးရွယ်အိုများနှင့် ကလေးများ ပါဝင်သည်။[1] ကရင်နှင့် ကချင် တိုင်းရင်းသား နယ်မြေများတွင် စစ်အုပ်စုက ကျေးရွာများအား ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် အရပ်သားပေါင်း ၁၀,၀၀၀ ကျော် ထွက်ပြေးတိမ်းရှောင်နေကြရသည်။[2] ထိုဗုံးကြဲ တိုက်ခိုက်မှုများတွင် ကလေးငယ်များအပါအဝင် အရပ်သားများ အသက်ဆုံးရှုံးရမှုများအပြင် ၎င်းတို့၏ လုံခြုံမှုအတွက်သာမက ကျန်းမာရေး၊ နေထိုင်ရေးနှင့် အစားအသောက်တို့အတွက်ပါ အခက်အခဲများ ကြုံတွေ့ရသည်။ ထိုထွက်ပြေးရသူများထဲတွင် အမျိုးသမီးများ၊ ကလေးငယ်များ၊ သက်ကြီးရွယ်အိုများနှင့် မွေးဖွားခါနီး ကိုယ်ဝန်ဆောင်အမျိုးသမီးတို့ ပါဝင်သည်။ ထိုအထဲတွင် ထွက်ပြေးတိမ်းရှောင်ရင်း မီးဖွားခဲ့ရသော အမျိုးသမီးတစ်ဦး၏ ဖြစ်ရပ်လည်း ရှိခဲ့သည်။ အခြေအနေ၏ ဆိုးရွားမှု၊ ကျူးလွန်ချိုးဖောက် ခံနေရသူ အရေအတွက် များပြားလာမှုနှင့် ဒေသတွင်း လုံခြုံရေးနှင့် နိုင်ငံရေးတည်ငြိမ်မှုတို့အပေါ် မြန်မာနိုင်ငံ အကြပ်အတည်း၏ သက်ရောက်မှုကြောင့် အာဆီယံထိပ်သီး အစည်းအဝေးမှတစ်ဆင့် မြန်မာနိုင်ငံ စစ်အာဏာသိမ်းမှုကို ဖြေရှင်းရန်အတွက် အာဆီယံအနေဖြင့် ခိုင်မာထိရောက်သော အရေးယူဆောင်ရွက် မှုများ လုပ်ဆောင်ရန် မိမိတို့မှ တိုက်တွန်း တောင်းဆိုသည်။

အာဆီယံ ခေါင်းဆောင်များမှ မြန်မာပြည်သူများ၏ ရည်မှန်းချက်များနှင့် စိတ်ဆန္ဒကို နားထောင်ပြီး အလေးအနက်ထား ထည့်သွင်းစဥ်းစားလုပ်ဆောင်ရန် မိမိတို့မှ တိုက်တွန်းတောင်းဆိုသည်။ ဒီမိုကရေစီနှင့် တရားမျှတမှု

[1] Data from the Assistance Association for Political Prisoners (AAPP) as of 18 April 2021
[2] https://www.myanmar-now.org/en/news/following-deadly-airstrikes-junta-planes-seen-spying-on-knu-territory

ကာကွယ်ရာတွင် ၎င်းတို့၏ အသက်များကို စတေးထားသော မြန်မာပြည်သူများ၏ အသံများသည် မြန်မာနိုင်ငံဆိုင်ရာ အာဆီယံအထူးထိပ်သီးအစည်းအဝေး၏ လုပ်ဆောင်မှုပုံစံနှင့် ရလဒ်များ၏ အခြေခံကျောရိုး ဖြစ်ရမည်။

ထို့ကြောင့် အာဆီယံ ခေါင်းဆောင်များအနေဖြင့် အောက်ပါတို့ကို ချက်ချင်း လုပ်ဆောင်ပေးရန် မိမိတို့မှ တောင်းဆိုလိုက်သည်။

- ထိပ်သီးအစည်းအဝေးတွင် တရားမဝင် စစ်အုပ်စုမှ မြန်မာနိုင်ငံ၏ ကိုယ်စားလှယ်အဖြစ် တက်ရောက်မှုကို ငြင်းပယ်ရန်၊
- အာဆီယံ ထိပ်သီးအစည်းအဝေးတွင် မြန်မာနိုင်ငံ၏ နေရာကို တရားဝင် ကိုယ်စားလှယ်ဖြစ်သည့် အမျိုးသားညီညွတ်ရေးအစိုးရအား ပေးအပ်ရန်၊
- နိုင်ငံသားများနှင့် ဆန္ဒပြသူများအပေါ် အကြမ်းဖက်မှုများအားလုံးရပ်တန့်ရေး၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ၊ ဆန္ဒပြသူများ၊ ဆန္ဒပြခေါင်းဆောင်များနှင့် သတင်းသမားများ အပါအဝင် နိုင်ငံရေးအကျဉ်းသားများအားလုံး ပြန်လွှတ်ပေးရေး၊ နှင့် အင်တာနက်နှင့် အထွေထွေဆက်သွယ်ရေး ကန့်သတ်မှုများအားလုံး ရုပ်သိမ်းပေးရေးတို့ကို တောင်းဆိုရန်၊
- မြန်မာနိုင်ငံ၏ အခြေအနေကို စောင့်ကြည့်လေ့လာရန်၊ အကြမ်းဖက်မှု ရပ်တန့်ရန်နှင့် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို အခြေခံသော ညှိနှိုင်းဆွေးနွေးမှုကို ပံ့ပိုးပေးနိုင်ရန်အတွက် မြန်မာနိုင်ငံသို့ ပူးတွဲကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ စေလွှတ်နိုင်ရေးဦးတည်သော အာဆီယံ၊ ကုလသမဂ္ဂလုံခြုံရေး ကောင်စီနှင့် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီတို့အကြား ခိုင်မာသော ညှိနှိုင်းတုံ့ပြန်ရေးအစီအစဉ် တစ်ခု ရေးဆွဲရန်၊
- ကမ္ဘာလုံးဆိုင်ရာ လက်နက်ခဲယမ်းပိတ်ဆို့မှုနှင့် စစ်အုပ်စု၊ ၎င်းတို့၏ တပ်ဖွဲ့ဝင်များနှင့် စီးပွားရေး လုပ်ငန်းများအား ပစ်မှတ်ထား စီးပွားရေးအရေးယူပိတ်ဆို့မှုတို့ ချမှတ်ရန်နှင့် မြန်မာနိုင်ငံ အခြေအနေကို နိုင်ငံတကာ ရာဇဝတ်တရားရုံး (ICC) သို့ လွှဲပြောင်းရန် နိုင်ငံတကာ အသိုင်းအဝိုင်း၏ အစပျိုးလုပ်ဆောင်မှုများကို အပြည့်အဝ ထောက်ခံရန်၊
- နယ်စပ်ဖြတ်ကျော် လူသားချင်းစာနာထောက်ထားရေးဆိုင်ရာ အကူအညီလမ်းကြောင်းများ ဖွင့်ပေးခြင်းအပါအဝင် မြန်မာနိုင်ငံရှိ သက်ရောက်မှုဒဏ်ခံရသော နယ်မြေများအားလုံးသို့ လူသားချင်းစာနာ ထောက်ထားရေးဆိုင်ရာ အကူအညီနှင့် ကျန်းမာရေးဆိုင်ရာ ထောက်ပံ့ကူညီမှုများ ရောက်ရှိနိုင်ရေး အာမခံချက်ပေးရန်၊
- ရိုဟင်ဂျာများအပါအဝင် မြန်မာနိုင်ငံမှ ခိုလှုံခွင့်လျှောက်ထားသူနှင့် ဒုက္ခသည်များ၏ ဘေးကင်းလုံခြုံမှု၊ လုံခြုံရေးနှင့် နေထိုင်စားသောက်ရေးများကို ဦးစားပေးကိစ္စရပ်များထဲမှ တစ်ခု အဖြစ် ထည့်သွင်းသတ်မှတ်ရန်၊
- အာဆီယံနိုင်ငံများအနေဖြင့် မြန်မာရွှေ့ပြောင်းအလုပ်သမားများကို ၎င်းတို့၏ တရားဝင်မှု အဆင့်အတန်း မည်သို့ရှိစေကာမူ နေရပ်ပြန်ပို့ခြင်း မပြုရ။ သက်ဆိုင်ရာ အာဆီယံနိုင်ငံများအနေဖြင့် မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ အလုပ်ခန့်အပ်ခြင်းသဘောတူညီချက်များကို တစ်နှစ် သို့မဟုတ် အထက် သက်တမ်းတိုးပေးရန်၊
- မြန်မာနိုင်ငံကို အာဆီယံအဖွဲ့ဝင်အဖြစ်မှ ယာယီဆိုင်းငံ့ခြင်းအပါအဝင် မြန်မာနိုင်ငံအပေါ် သိသာ ထင်ရှားသော အရေးယူဆောင်ရွက်မှုများ လုပ်ဆောင်ရန်။ ထိုဆိုင်းငံ့ထားမှုကို အာဆီယံအနေဖြင့် အမျိုးသားညီညွတ်ရေးအစိုးရ၏ အုပ်ချုပ်မှုကို စစ်အုပ်စုမှ လက်ခံပြီးသည့်အချိန်၊ အမျိုးသားညီညွတ်ရေး အစိုးရ၏ ထိန်းချုပ်မှုအောက်သို့ စစ်အုပ်စုမှ အပြည့်အဝ ရာသက်ပန် ခြွင်းချက်မရှိ ဝင်ရောက်ပြီးချိန်၊ စစ်အာဏာရှင်အား ICC သို့ တင်ပြီးချိန်နှင့် ဒီမိုကရေစီကို ပြည့်ဝစွာ တည်ဆောက်ပြီးမှသာလျှင် ရုပ်သိမ်းသင့်သည်။

ဘုံသဘောတူညီမှုနှင့် ဝင်ရောက်မစွက်ဖက်ရေးဆိုသည့် "အာဆီယံ နည်း" ကို ကျော်လွန်လုပ်ဆောင်နိုင်မှ သာလျှင် အာဆီယံအနေဖြင့် မြန်မာနိုင်ငံအခြေအနေအပေါ် အဓိပ္ပါယ်ပြည့်ဝပြီး ခိုင်မာသောနည်းလမ်းဖြင့် ကြားဝင်ဖြေရှင်းပေးနိုင်မည် ဖြစ်သည်။ မြန်မာနိုင်ငံသည် ကျဆုံးတော့မည့် နိုင်ငံဖြစ်ရန် အလွန်နီးကပ်

လာနေသည့်အတွက် အာဆီယံအနေဖြင့် ယခုလက်ရှိ ဖြစ်ပေါ်နေသော စိတ်ပျက်ဖွယ်ကောင်းသည့် အခြေအနေ ဖြေရှင်းရန် အရေးတကြီး လိုအပ်မှုအပေါ် ခိုင်မာသော ရပ်တည်မှုတစ်ခု ပြရမည့်အချိန်ဖြစ်သည်။ ထိုသို့ ဆောင်ရွက်ရန် ပျက်ကွက်ခြင်းသည် နိုင်ငံများ၏ ခိုင်မာသော၊ မျှတသော လူသားဆန်သော အရည်အသွေးရှိသော အသိုင်းအဝိုင်းတစ်ခုအဖြစ် အာဆီယံ၏ ဂုဏ်သိက္ခာကို ပို၍ပင် ညှိုးနွမ်းပျက်စီး စေသည်သာမက အာဆီယံ၏ အသိုင်းအဝိုင်းတည်ဆောက်ရေး မျှော်မှန်းချက်နှင့် ရည်မှန်းချက် အောင်မြင်ရေး ကြိုးပမ်းချက်များကိုလည်း အားနည်းစေလိမ့်မည် ဖြစ်သည်။

လေးစားစွာဖြင့်

Asian Forum for Human Rights and Development
Progressive Voice
ALTSEAN Burma (Alternative ASEAN Network on Burma),
SEAN SOGIE Caucus
The Asia Pacific Refugee Rights Network (APRRN)
ASEAN Youth Forum
Initiatives for International Dialogue (IID)
SHAPE-SEA,
APWLD

**ထောက်ခံလက်မှတ်ရေးထိုးသူများ**

- တစ်သီးပုဂ္ဂလ - ၇၄၄ ဦး
- မြန်မာ အရပ်ဘက်လူထုအဖွဲ့အစည်း ၄၀၂ ဖွဲ့[3]
- အခြားသော အရှေ့တောင်အာရှနိုင်ငံများနှင့် တစ်ကမ္ဘာလုံးမှ အရပ်ဘက်လူထုအဖွဲ့အစည်း ၄၄၄ ဖွဲ့

ပိုမိုသိရှိလိုပါက ဆက်သွယ်ရန် - *ea-asean@forum-asia.org*

**အခြားသော အရှေ့တောင်အာရှနိုင်ငံများနှင့် တစ်ကမ္ဘာလုံးမှ လက်မှတ်ရေးထိုးသော အဖွဲ့အစည်းများ**

1. ACT4DEM
2. Action & Solidarity in Korea
3. Activists Group for Human Rights ‘BARAM’
4. Activists Group on the Street
5. AKKMA NATIONAL COALITION PILIPINAS
6. Aksi Lilin Jakarta
7. AKUKFEM
8. Aliran Malaysia
9. All Indonesian Trade Union Confederation (KASBI)
10. Alliance for Conflict Transformation (ACT) Cambodia
11. Alternatives to Violence Project In Korea
12. ALTSean Burma
13. Andong YWCA
14. Ansan YWCA
15. AnYang YWCA
16. Areum Nara
17. ASEAN Parliamentarian for Human Rights (APHR)
18. ASEAN SOGIE Caucus (ASC)

[3] အိတ်ဖွင့်ပေးစာတွင် ပါဝင်လက်မှတ်ရေးထိုးခဲ့သော မြန်မာနိုင်ငံမှ တစ်သီးပုဂ္ဂလနှင့် အရပ်ဘက်လူထုအဖွဲ့အစည်း၏ အမည်များကို ၎င်းတို့၏ ဘေးကင်းလုံခြုံမှုနှင့် လုံခြုံရေးကြောင့် ဖော်ပြမထားပါ။

19. ASEAN Trade Union Council (ATUC)
20. ASEAN Youth Forum (AYF)
21. Asia Democracy Network (ADN)
22. Asia Floor Wage Alliance (AFWA)
23. Asia Justice and Rights (AJAR)
24. Asia Pacific Forum for Women Law and Development (APWLD)
25. Asian Companions Against Brutality
26. Asian Culture Forum on Development Foundation (ACFOD)
27. Asian Dignity Initiative
28. Asian Forum for Human Rights and Development (FORUM-ASIA)
29. Asian Migrant Women Center
30. Asian Network for Free Elections (ANFREL)
31. Assistance Association For Political Prisoners (AAPP)
32. Association of Korea Minjung Theologians
33. Asylum Access Malaysia (AAM)
34. Ateneans for Governance, Innovation, Leadership and Service (AGILAS)
35. Australia Karen Organizations
36. BALAOD Mindanaw
37. Blooming School
38. Boat People SOS
39. BUCHEON YWCA
40. Buddhist Solidarity for Reform
41. Building and Wood Workers International Asia Pacific Region
42. Burma Action Ireland
43. Burma Human Rights Network (BHRN)
44. Burmese Rohingya Organisation UK
45. BUSAN YWCA
46. BUTTL' Chunganm Human Rights Educational Activist Group
47. Cambodian Human Rights and Development Association (ADHOC)
48. Cambodian Institute for Democracy (CID)
49. Canadian Buddhist Civil Liberties and Human Rights Association
50. Coalition of Cambodia Farmers Community Association (CCFC)
51. Catholic Association Of Labour And Elderly (Masan Diocese)
52. Catholic Women's Center
53. Center for Alliance of Labor and Human Rights (CENTRAL)
54. Center for Freedom of Information
55. Centre for Architecture and Human Rights
56. Centre for Human Rights Research & Advocacy (CENTHRA)
57. CHANGJAK21
58. Changnyeong Environmental Movement Union
59. Changwon Icoup Consumer Life Cooperative
60. Changwon Minyechong
61. Changwon Sustainable Development Council
62. Changwon Women's Association
63. Changwon Women's Center Jinhae Hall
64. Changwon YMCA
65. Cheonan YWCA
66. Cheongju YWCA
67. Cheongma History Meeting
68. Cheongman Haengwoong
69. Child Fund Korea Gyeongnam Children's Protection Center
70. Children's Book
71. Children's Peace Library
72. Christian Association for Community Organizing
73. Christian Youth Academy
74. CHUNCHEON YWCA

75. Chung Soon-Wook Of Changwon City
76. Chungju YWCA
77. Church and Society Committee of PROK
78. Chanwon Ywca
79. Citizen's Radio
80. Citizens' Coalition For Democratic Press Of Gyeongsangnam-Do Province
81. Citizens' Coalition For Economic Justice In Geoje
82. Citizens' Solidarity Tongyeong Branch
83. Civic Association Of Masan, Changwon And Jinhae With Grandmothers 'Japanese Military Sexual Slavery'
84. Civic Association Of Tongyoung Geoje With Grandmothers 'Japanese Military Sexual Slavery'
85. Civil Rights Defenders
86. Coalition of Cambodian Farmers Community-CCFC
87. Coalition of Industrial Accidents Prevention in Ulsan
88. Coalition to Abolish Modern-day Slavery in Asia (CAMSA)
89. Commission for the Disappeared and Victims of Violence (KontraS)
90. Committee for Free and Fair Elections in Cambodia (COMFREL)
91. Cooperative Unnine(Sister's)
92. Critical_group Sigak
93. Cross Cultural Foundation
94. Cultural Incheon Network
95. D4B - Democracy for Burma
96. DAEGU YWCA
97. Daejeon YWCA
98. DAPLS
99. Dasan Human Rights Center
100. Doingle Around
101. Donghae YWCA
102. Dongyo Childish Grownups
103. Ecological Environmental Education And Cultural Center
104. Ecumenical Youth Council in Korea
105. Education Hope Gimhae Parent Association
106. Education Hope Gyeongnam Parent Association
107. Education Hope Sacheon Parent Association
108. Ekta Parishad Manipur
109. Empower Foundation
110. Enjoyable SW Thinking Lab
111. Eyes Of Citizens
112. Fellowship with the Sufferers
113. Fine Dust Resolution Gyeongnam Citizens' Headquarters
114. FKTU Ulsan Regional Office
115. Foinsa'e Hahu Futuru Timor
116. Forest Of Life In Gyeongsangnam-Do
117. Freedom Dignity and Asia
118. Gangneung YWCA
119. Gathering Of Gyeongnam Teachers To Protect The Environment And Life
120. Geoje Civic Energy Cooperative
121. Geoje Sustainable Development Council
122. GEOJE Young Womens Christian Association
123. Gimhae Education Solidarity
124. Gimhae Sustainable Development Council Ecological Division
125. GIMHAE YWCA
126. GJIF(Gwangju independent film)
127. Global Child Advocates
128. Global Movement for Myanmar Democracy
129. Global Partnership for the Prevention of Armed Conflict - Southeast Asia (GPPAC - SEA)

130. Goesan Gender Equality Lecturer's Group
131. Gommasil Children
132. GongGam Human Rights Law Foundation
133. Good Friends
134. GOYANG YWCA
135. Green Party Korea
136. Green Party Seoul
137. GREENKOREA INCHEON
138. GreenKorea Legal Center
139. Greenpeace Southeast Asia
140. Groups of Social and Political Commentators in Cambodia
141. GUNSAN YWCA
142. Gwangju Alliance Against Opposing the Military Regime and Supporting Democratization in Myanmar
143. Gwangju Asia Sisterhood Network
144. Gwangju Cinema Solidarity
145. Gwangju Greenkorea United
146. Gwangmyeong Young Women's Christion Association
147. Gwangyang YWCA
148. Gyeongnam Amphibian Network
149. Gyeongnam Energy Transition Network
150. Gyeongnam Grass Root Environmental Education Center
151. Gyeongnam Green Party
152. Gyeongnam Migrant Center
153. Gyeongnam Solidarity For Safe School Meals
154. Gyeongnam Sunlight Development Cooperative
155. Gyeongsangnam-Do Branch Of The National School Non-Regular Workers' Union
156. Gyeongsangnam-Do Civic Environment Research Institute
157. Gyeongsangnam-Do Information Society Research Institute
158. Gyeongsangnam-Do Women, Moms, Peoples' Party
159. Gyeongsangnam-Do Women's Human Rights Counseling Center Of Women's Association
160. GZO Peace Institute
161. Haein church
162. Haemalgeum(Sunny) Cultural Activity Center
163. Haman Women's Association
164. Han Church
165. Hana Church
166. Hanam YWCA
167. HANBAIK CHURCH YOUNG ADULT
168. Hansalim Gyeongsangnam-Do
169. HANSALIMKYUNGNAM
170. HAPPYCLASS MEDITATION COMMUNITY
171. Homeless Action
172. Hope Woongsang
173. Human Rights and Sport
174. Human Rights Center of the National Council of Churches in Korea(NCCK)
175. Human Rights Working Group (HRWG)
176. I Coop Consumer Life Cooperative In Jang Yu
177. Immigrants Advocacy Center Gamdong
178. Incheon Civil Society in Solidarity
179. Incheon People Solidarity
180. Incheon Solidarity Against Disability Discrimination
181. INCHEON YWCA
182. Incorporated Organization Silcheon Bulgyo
183. Independent Democracy of Informal Economy Association (IDEA)
184. Indonesia for Global Justice (IGJ)

185. Indonesian Legal Aid Foundation (YLBHI)
186. Initiative for International Dialogue (IID)
187. Institute For Deliberative Democracy And Environment
188. Institute for Green Transformation
189. Inter-religious Climate and Ecology Network
190. International Child Rights Center
191. International Development Community Alliance in Korea
192. International Domestic Workers Federation (IDWF)
193. International Trade Union Confederation - Asia Pacific (ITUC - AP)
194. International Women's Rights Action Watch (IWRAW) Asia Pacific
195. Ivy Humanities School
196. Jakarta Candlelight Action
197. Jecheon YWCA
198. Jeju Dark Tours
199. JEJU YWCA
200. Jeonggeum Church
201. Jeonju Youth Counseling & Welfare Center
202. JEONJU YWCA
203. Jeonju's Solidarity for Democracy in Myanmar
204. Jeonkyojo Incheon
205. JH YWCA
206. Jinhae Women's Association
207. Jinhae YWCA
208. Jinju Environmental Movement Union
209. Jinju Regional Economic Research Institute
210. Jinju Women's Association
211. Jinju YMCA
212. JINJU YWCA
213. Joint Committee on Freedom of Expression and Press Repression
214. June 10 Minju Gyeongnam
215. June 15 Joint Declaration Changwon Branch
216. June Democratic Resistance Spirit Succession Gyeongnam Association
217. Justice Party Gyeongnam Youth Student Committee
218. Justice Party Gyeongsangnam-Do Party
219. Justice Party Yangsan Regional Committee
220. Justice Party's Namhae Hadong Regional Committee
221. Kaladan Press Network
222. Kangzinoop Church
223. KctuLaw Ulsan
224. KCTUUl
225. KFEM
226. KHMU (Korea Health and Medical labor Union)
227. KIDOKYOMINHOE
228. Kilusang Mayo Uno
229. Korea Christian Action Organization
230. Korea Eco Farmers Association
231. Korea Federation for Environmental Movements in Incheon
232. Korea Federation Of Environmental Movements In Gimhae And Yangsan
233. Korea Federation Of Environmental Movements In Machangjin
234. Korea Federation Of Environmental Movements In Sacheon
235. Korea Federation Of Producers In Gyeongsangnamdo Province
236. Korea Institute for Religious Freedom
237. Korea Institute Of Ecological Environment
238. Korea Rurban Regeneration Citizen's Solidarity
239. Korea Teachers Union-Ulsan
240. Korea Women's Associations United (KWAU)

241. Korean Civil Society in Solidarity with Rohingya
242. Korean Civil Society in Support of Democracy in Myanmar
243. Korean Confederation Of Trade Unions Women's Committee
244. Korean Disability Forum
245. Korean House for International Solidarity
246. Korean Pharmacists for Democratic Society(Ulsan district)
247. Korean Producers & Directors' Association
248. Korean Solidarity for Overseas Community Organization
249. KSCF
250. KSPI - CITU (Confederation of Indonesia Trade Union)
251. KTU Yangsan Middle School Branch
252. Kurawal Foundation
253. Kwangju YWCA
254. Kyungnam University Alumni Community
255. Kyungnam University Environmental Group
256. Labour Party Gyeongsangnam-Do Provincial Party
257. Lawyers for a Democratic Society, Ulsanjibu
258. LICADHO
259. Like Pearls
260. List of Signatory (Southeast Asia and Global)
261. M.M.C
262. Mandooparty to prepare a new church
263. Manushya Foundation
264. MARCO(Migration Action Research Community)
265. Maruah
266. Masan Icoup Consumer Life Cooperative
267. MASAN YWCA
268. Media Christian Solidarity
269. Migrant CARE
270. Migrant World Film Festival
271. Migrant World TV
272. Migrants Trade Union(MTU)
273. Militants for Workers’ Liberty(Ulsan)
274. Milk Tea Alliance Indonesia
275. Milk Tea Alliance Philippines
276. MINBYUN - Lawyers for a Democratic Society International Solidarity Committee
277. Mindanao Peacebuilding Institute Foundation, Inc.
278. MOKPO YWCA
279. My Neighborhood Small Library
280. My Sister’s Home
281. My Sister’s Place
282. Myanmar Alliance in Malaysia (MAM)
283. Myanmar Club, Singapore
284. Myanmar Democracy Network in Korea
285. Myanmar Ethnic Rohingya Human Rights Organisation Malaysia (MERHROM)
286. Myanmar Human Rights Alliance Network (MHRAN)
287. Myanmar Queer Straight Alliance
288. Naeseo Village School
289. Namhae Women's Association
290. Namwon YWCA
291. Namyangju Women's Center for Migrant Workers
292. National Clergy Conference for Justice and Peace
293. National Farmers Association Busan Gyeongnam Federation
294. National Trade Union Center Philippines
295. National Women Farmers Association Gyeongsangnam-Do Union
296. National YWCA of KOREA

297. Nature And People
298. Negrosanon Young Leaders Institute Inc.
299. New Bodhisattva Network
300. NEVER AGAIN' Association
301. Non San Young Women's Christian Assosiation
302. NYJ YWCA
303. OFM KOREA JPIC
304. Organisation Of Karenni Development (OKD)
305. Osan Welfare Community Center
306. Paju YWCA
307. ParkJongCheol Memorial Foundation
308. Pax Christi Korea
309. Peacemakers
310. PEACEMOMO
311. People In My Neighborhood (Community For Life And Autonomy)
312. People, not Profit
313. People's Party Gyeongsangnam-Do
314. People's Solidarity for Participatory Democracy (PSPD)
315. Peoples Empowerment Foundation (PEF)
316. PIDA (People's Initiative for Development Alternatives)
317. Platform.C
318. Pohang YWCA
319. Power-Sentro
320. Progressive 3.0
321. Progressive Korea
322. Progressive Voice
323. PROK
324. PROK Namsindo
325. Prun Naeseo Community Association
326. Pusat KOMAS
327. Pyeongtongsa In Masan, Changwon And Jinhae
328. Rainbow Vision
329. Refresh Community
330. Refugee Rights Center NANCEN
331. Representative Of The Institute Of Life And Arts
332. Resident Association For Safe And Happy Yangsan
333. Residents' Committee For Coal Power Plant In Sacheon, Namhae And Hadong
334. Rohingya Arakanese Refugee Committee (RARC)
335. Rohingya Community Development Campaign (RCDC)
336. Rohingya Union for Women Education and Development (RUWED)
337. Rural Infrastructure and Human Resource Development Organization (RIHRDO)
338. Sacheon Ecological Environment Research Society
339. Sacheon Women's Association
340. Sacheon YWCA
341. Sahmakum Teang Tnaut - Cambodian Urban NGO (STT)
342. Sangnam Film Production Center
343. SEA Junction
344. SEBASA
345. Sejong YWCA
346. Seochon YWCA
347. Seomjingang River And Jiri Mountain People
348. Seong-Mun-Bakk Church
349. Seongnam YWCA
350. Seoul Disabled People's Right Film Festival
351. Seoul National University MEARI Alumni Association
352. SGPO YWCA

353. Shancheong Humanities Meeting Leadership Society
354. SHAPE-SEA
355. Sidaebogjigong-gam
356. Social Cooperative Celandine
357. Social Cooperative Containing A Village
358. Social Cooperative Handle Sandeul
359. Socialist Revolutionary Workers Party Ulsan
360. Society for the Promotion of Human Rights (PROHAM)
361. SOK-CHO YWCA
362. Sokcho YWCA
363. Solidarity Against Disability Discrimination
364. Solidarity for Another World
365. Solidarity for Peace & Humanrights
366. South North Korea Railway
367. Southeast Asia Freedom of Expression Network (SAFEnet)
368. SSSWC
369. Students' March
370. Sumdol Presbyterian Church
371. SUNCHEON YWCA
372. Sungmisan School
373. Supporters Group for Migrant Workers Movement
374. SUWONYWCA
375. Swedish Burma Committee
376. Taiwan Alliance for Thai Democracy (台灣推動泰國民主聯盟)
377. Task Force on ASEAN Migrant Workers
378. TEN FOR ONE
379. Thai Action Committe for Democracy in Burma (TACDB)
380. Thai Democrats Without Borders Association
381. The Alliance of Independent Journalists (AJI)
382. The Anglican Church of Ulsan
383. the Declaration of Global Citizen
384. The Federation Of Korean Artists In South Gyeongsang Province Geoje Branch
385. The Indonesian Human Rights Monitor (IMPARSIAL)
386. The Jeonnam National Church Man's
387. The Power of Incheon Citizens
388. The Research Insititute of the Differently Abled People In Incheon
389. The Society For The Making Of A Real Village To Live In.
390. Think Centre
391. TMDU Myanmar Students Association
392. Tongyeong Citizens' Culture Group 'Tongro(Aisles)'
393. Tongyeong City Committee Of The Korean Confederation Of Trade Union
394. Tongyeong Geoje Environmental Movement Union
395. Tongyeong Sustainable Development Council
396. TongYeong Young Women's Christian Association
397. TRANSCEND Pilipinas
398. Transgender Liberation Front (TLF)
399. Transparency International Cambodia
400. Uijeongbu YWCA
401. Ulsan Bukgu Contingent Workers Center
402. Ulsan Civil Organizations that support Myanmar's democracy (66 organizations)
403. Ulsan Green Party
404. Ulsan Labor Education Community
405. Ulsan Labor Humanrights Center
406. ULSAN MIGRANT CENTER
407. Ulsan Parents EduCoop

408. Ulsan People`s Solidarity
409. Ulsan Solidarity For Human Rights
410. Ulsan worker group for Workplace struggle and Class solidarity
411. Ulsan YMCA
412. UNION
413. US Campaign for Burma
414. Vegetarian Peace Solidarity
415. Vietnam Committee on Human Rights
416. Vietnamese Women for Human Rights
417. Wewood Small Library
418. WFFIG
419. WITNESS
420. WomenHealth Philippines
421. Won Buddhist Civil Society Network
422. WONJU YWCA
423. Woongsang Labor Counseling Center Woongsang Story
424. Worker's Solidarity from Below in Jeonbuk
425. Yangsan Foreign Workers Support Center
426. Yangsan Icoup Life Cooperative
427. Yangsan Parent Movement
428. Yangsan Women's Association
429. YANGSAN YWCA
430. Yayasan Perlindungan Insani Indonesia
431. YEOSUYWCA
432. YMCA Geoje
433. YMCA Gimhae
434. YMCA Masan
435. YMCA Yangsan
436. Yoon Sang-Won Memorial Association
437. Young Deung Po Urban Industrial Mission
438. Young Kang Church
439. YOUNGPA Church
440. Youth Resource Development Program (YRDP)
441. YWCA Gimhae
442. YWCA Masan
443. YWCA Pyeongtaek
444. YWCA Ulsan